# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 13 , 2025 | Volume 96, Number 8


၁၃-၁၁-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၉.၃၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၄.၆၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၉.၆၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၁၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၈.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၀၆ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဘင်္ဂလားဒေ့ရှ်သို့ ၅ မှတ်ဆန်ဖြူ တန်ချိန် ငါးသောင်းကျော် တင်ပို့မည်



ယခုနှစ်ကုန်ပိုင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆန်ကြမ်းအုပ်စုဝင် ၅ မှတ်ဆန်ဖြူ တန်ချိန် ၅၃,၅၀၀ ကို တင်ပို့သွားမယ်လို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) ကနေ သိရပါတယ်။

MRF နဲ့ ဘင်္ဂလားဒေ့ရှ်အစိုးရတို့အကြား ချုပ်ဆိုခဲ့တဲ့စာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသိုလှောင်ရုံထဲအရောက် CIF ဈေး ဆန်ဖြူတစ်တန်ကို အမေရိကန်ဒေါ်လာ ၃၇၆ ဒသမ ၅ နဲ့ ရောင်းချဖို့ သဘောတူထားပါတယ်။

ဘင်္ဂလားဒေ့ရှ်အစိုးရအနေနဲ့ ဆန်စပါးဈေးကြီးမြင့်မှုကို လျှော့ချဖို့ကြိုးပမ်းမှုရဲ့ တစ်စိတ်တစ်ပိုင်းအနေနဲ့ မြန်မာနိုင်ငံကနေ ဆန်ဝယ်ယူဖို့ ဆုံးဖြတ်ထားတာပါ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ မြန်မာနဲ့ဆန်တင်သွင်းမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးထားပြီး သဘောတူညီချက်တွေက ၂၀၂၇ ခုနှစ်အထိ သက်တမ်းရှိတယ်လို့ ဘင်္ဂလားဒေ့ရှ်စားနပ်ရိက္ခာဝန်ကြီးဌာနကနေ သိရပါတယ်။

မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရတို့ကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ သဘောတူညီမှုဆိုင်ရာ MOU အရ မြန်မာက ဘင်္ဂလားဒေ့နိုင်ငံကို လက်ရှိမှာ ၃ ကြိမ်ထိ ဆန်တင်ပို့ရောင်းချထားပြီးဖြစ်ပါတယ်။

ယခုနှစ်မှာ တင်ပို့ခွင့်ရမဲ့ ဝေစုအတွက် ကုမ္ပဏီပေါင်း ၃၁ ခုကနေ နိုဝင်ဘာလ နောက်ဆုံးပတ်နဲ့ ဒီဇင်ဘာလပထမပတ်မှာ ရန်ကုန်ဆိပ်ကမ်းကနေ သင်္ဘော ၂ စီးနဲ့ ဆန် တန်ချိန် ၄၅,၀၀၀ ၊ ပုသိမ်ဆိပ်ကမ်းကနေ တန်ချိန် ၇၅၀၀ တင်ပို့သွားမယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနဲ့ ယခုဘဏ္ဍာနှစ်မှာ ဆန်တန်ချိန် ၃ သန်း တင်ပို့နိုင်ဖို့ ရည်မှန်းထားပြီး ၂၀၂၅ ခုနှစ် ဧပြီလမှ အောက်တိုဘာလကုန်အထိ ဆန်တန်ချိန် ၁ ဒသမ ၅ သန်းကျော် တင်ပို့ထားကာ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၉၉ သန်း ရရှိထားပါတယ်။

**Source :BETV Business**

## အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ အရည်အသွေးမြင့်ဝါမျိုးစေ့တင်ပို့နိုင်ရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး



မြန်မာနိုင်ငံသို့ အိန္ဒိယနိုင်ငံမှ အရည်အသွေးမြင့် ဝါမျိုးစေ့ တင်သွင်းနိုင်မှုအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရန် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် နေ့တွင်မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ ၌ virtual စနစ်ဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ၊ ကိုလ်ကတ္တားမြို့ရှိ မြန်မာစီးပွားရေးသံမှူး၊ ပြည်ပဝါမျိုးစေ့ တင်ပို့မှုအောင်မြင်ရေးကော်မတီမှ ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဝါနှင့်ဝါထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ စုစုပေါင်း ၁၀ ဦးခန့် တက်ရောက်ခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် အိန္ဒိယနိုင်ငံမှ Suvin ဝါမျိုးတင်သွင်းနိုင်ရေး ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံသို့ ဝါမျိုးစေ့တင်သွင်း၍ မြန်မာ့တောင်သူများစမ်းသပ်စိုက်ပျိုးရာတွင် နှစ်ဖက်ကုန်ကျမည့်စရိတ်များကို တွက်ချက်၍ ပေးပို့နိုင်ရန်၊ ဝါမျိုးစေ့တင်သွင်းမှုပူးပေါင်းဆောင်ရွက်နိုင်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးအတွက် MoU (မူကြမ်း) ကို ပြုစု၍ စီးပွားရေးသံမှူးမှတစ်ဆင့် အိန္ဒိယနိုင်ငံဘက်သို့ ပေးပို့နိုင်ရန်၊ မြန်မာနိုင်ငံသို့ အိန္ဒိယနိုင်ငံ၊ IFBIC မှ နည်းပညာအဖွဲ့များလာရောက်၍ ကွင်းဆင်းလေ့လာနိုင်ရန်အတွက် အချိန်ကာလသတ်မှတ်ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၃:၃၀ နာရီတွင် ရုပ်သိမ်းခဲ့သည်။

**Soure :** https://myantrade.gov.mm/

## ကန့်ဘလူမြို့နယ်၌ ကွမ်းရွက်ဈေးနှုန်းအနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်



မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသောနိုင်ငံတစ်ခုဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအပြင် ကွမ်းခြံများကို မိမိတို့ယာကွက်များ၌လည်းကောင်း၊နေအိမ်ခြံဝင်းများ၌လည်းကောင်း မိသားစုဝင်ငွေရရှိသည့်အတွက် စိုက်ပျိုးကြကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်တွင် ဖြစ်ပေါ်နေသော ကန့်ဘလူမြို့နယ်၏ ကွမ်းရွက်ဈေးနှုန်းများမှာ အရည်အသွေးပေါ်မူတည်၍ ကွမ်းရွက်(ရှယ်)တစ်ပိဿာလျှင် ၆၅၀၀ ကျပ်၊ ကွမ်းရွက်(ကြီး)တစ်ပိဿာလျှင် ၃၅၀၀ ကျပ်၊ ကွမ်းရွက်(သေး) တစ်ပိဿာလျှင် ၂၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်အောက်တိုဘာလ၏ ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ယခုပတ်အတွင်း ကွမ်းရွက်(ရှယ်)တစ်ပိဿာလျှင် ၅၀၀ ကျပ်မြင့်တက်လာကြောင်း၊ ကွမ်းရွက်များကို ကန့်ဘလူခရိုင်အတွင်းနှင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း ကွမ်းရွက်ရောင်းဝယ်ရေး လုပ်ငန်းရှင်များထံက သိရသည်။

**Source : DOCA (စစ်ကိုင်း)**

## ရေထွက်ကုန်အချို့ ဈေးအတက်/အကျ ဖြစ်ပေါ်နေသော်လည်း ရေထွက်ကုန်အများစုနှင့် ရေချိုပုစွန်တုပ်များ ဈေးငြိမ်နေ

၂၀၂၅ နိုဝင်ဘာ ၇ ရက် မော်လမြိုင်ကုန်စည်ဒိုင်၏ ရေထွက်ကုန်နှင့် ရေချိုပုစွန်တုပ် တစ်ပိဿာပေါက်ဈေးနှုန်းများမှာ ငါးတန် ကျပ် ၈၁၀၀၊ ငါးခုံးမ ကျပ် ၆၇၀၀၊ ငါးကြင်း ကျပ် ၉၂၀၀၊ ငါးကြင်းဖြူ(ဗိုက်ခွဲ)ကျပ် ၁၉,၀၀၀၊ တီလားဗီးယား ကျပ် ၁၄၅၀၀၊ ပလာတူး ကျပ် ၈၅၀၀၊ ပလာလန်း ကျပ် ၁၃၅၀၀၊ ရွှေငါး ကျပ် ၉၀၀၀၊ ငါးနုပ် ကျပ် ၅၀၀၀ ၊ ငါးကွမ်းရှပ် ကျပ် ၁၅,၄၀၀၊ ငါးရွှေးကြီး ကျပ် ၁၄,၂၀၀၊ ငါးပျက် ကျပ် ၁၀,၀၀၀၊ ရေချို ပုစွန်တုပ်(စိမ်း)အကြီး ကျပ် ၉၃,၀၀၀၊ အလတ် ကျပ် ၈၅,၀၀၀၊ အငယ် ၆၂,၀၀၀ ကျပ် ဖြစ်ပေါ်ခဲ့သည်။

အောက်တိုဘာ ၃၁ တွင် ရေထွက်ကုန်နှင့် ရေချိုပုစွန်တုပ် တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ ငါးတန် ကျပ် ၇၈၀၀၊ ငါးခုံးမ ကျပ် ၆၃၀၀၊ ငါးကြင်း ကျပ် ၉၃၀၀၊ ငါးကြင်းဖြူ(ဗိုက်ခွဲ)ကျပ် ၁၉၀၀၀၊ တီလားဗီးယား ကျပ် ၁၃,၃၀၀၊ ပလာတူး ကျပ် ၈၂၀၀၊ ပလာလန်း ကျပ် ၁၃,၅၀၀၊ ရွှေငါး ကျပ် ၉၂၀၀၊ ငါးနုပ် ကျပ် ၄၂၀၀ ၊ ငါးကွမ်းရှပ် ကျပ် ၁၅,၄၀၀၊ ငါးရွှေးကြီး ကျပ် ၁၄,၂၀၀၊ ငါးပျက် ကျပ် ၁၀,၀၀၀၊ ရေချို ပုစွန်တုပ်(စိမ်း)အကြီး ကျပ် ၉၃,၀၀၀၊ အလတ် ကျပ် ၈၅,၀၀၀၊ အငယ် ၆၂,၀၀၀ ကျပ် ဖြစ်ပေါ်ခဲ့သည့်အတွက် ယခင်ပတ်နှင့်ဈေးနှုန်းနှိုင်းယှဉ်ပါက ငါးတန် ကျပ် ၃၀၀၊ ငါးခုံးမ ကျပ် ၄၀၀၊ ငါးနုပ် ကျပ် ၈၀၀ ဈေးတက်နေပြီး ငါးကြင်း ကျပ် ၁၀၀၊ တီလားဗီးယား ကျပ် ၁၂၀၀၊ ပလာတူး ကျပ် ၃၀၀၊ ရွှေငါး ကျပ် ၂၀၀ ဈေးကျနေသော်လည်း ငါးကြင်းဖြူ(ဗိုက်ခွဲ)၊ ပလာလန်း၊ ငါးကွမ်းရှပ်၊ ငါးရွှေးကြီး၊ ငါးပျက်နှင့် ရေချိုပုစွန်တုပ်များ ဈေးငြိမ်နေကြောင်း သိရသည်။

**Source : မွန်ပြည်နယ်ဦးစီးမှူးရုံး**

## နေအိမ်ရုံးခန်းများတွင် စိတ်ဖိအားလျော့ချရန် ဘွန်ဇိုင်းပင်များပိုသုံးလာရာ ယခင်ထက်ပိုရောင်းချနေရဟုဆို



စိတ်ဖိအားလျော့ချစေရန်နှင့် အိမ်တွင်းအပန်းဖြေအပင်ဖြစ်သည့် ဘွန်ဇိုင်းပင်များမှာ ဝါသနာအရစိုက်ပျိုးသူများဖြင့် အရောင်းအဝယ်ဖြစ်သော အခြေအနေမှ ယခုအခါ စိတ်ဖိအားဒဏ်ခံရနေရသူများပါ ဝယ်ယူလာနေကြသဖြင့် ယခင် အချိန်ကာလများထက်ပို၍ ရောင်းချနေကြောင်း ဘွန်ဇိုင်းပင်မျိုးစုံရောင်းချနေသူများထံက သိရပါတယ်။

“သက်ကြီးပုပင်လို ဒီအပင်ကို ခေါ်ကြတာ၊ ရန်ကုန်မှာ အရင်က ဒီအပင်ကို ကရိကထများလို့ သိပ်မစိုက်ကြဖူး၊ ဝါသနာအရ စိုက်တဲ့သူတွေပဲများတယ်။ အခုတော့ ကုမ္ပဏီတွေ ကွန်ဒိုတွေမှာပါ စိတ်ဖိအား၊ မိသားစုဖိအား လျော့ပေးဖို့ဝယ်ကြတယ်၊ အထူးသဖြင့် ရန်ကုန်ပဲ”ဟု ဘွန်ဇိုင်းပင်မျိုးစုံရောင်းချနေသူတစ်ဦး က ပြောသည်။

ဘွန်ဆိုင်းပင်များကို ပျိုးပင်နှင့်သစ်ပင်အရောင်းဆိုင်များတွင် ဝယ်ယူရရှိသလို အချို့ ဈေးဝယ်စင်တာကြီးများအတွင်းတွင်လည်း ရောင်းချခြင်းများရှိပြီး ဝယ်သူသီးသန့်မှာသည့် သစ်ပင်ကြီးမျိုးများကို ဘွန်ဇိုင်းဖန်တီးသူများက သီးသန့်ပြင်ဆင်ပြီး ရောင်းချပေးကြောင်းလည်း သိရပါတယ်။

ထိုဘွန်ဇိုင်းပင်များမှာ သဘာဝအရွယ်အစားအတိုင်း ကြီးမားဖွံ့ဖြိုးမှုမရှိရအောင် ပြုပြင်ထားခြင်းဖြစ်ပြီး သဘာဝအတိုင်း ရှင်သန်ရန် နည်းပညာများဖြင့် ဖန်တီးပြုလုပ်ထားကြောင်း၊ ဘွန်ဇိုင်းပင်များ၏ သဘာဝအတိုင်း ပေါက်ရောက်ရှင်သန်မှုကို ကြည့်ရှုရင်း စိတ်အပန်းပြေစရာဖြစ်စေပြီး နေ့တိုင်းရေလောင်းပေါင်းသင်စရာ မလိုသည့်အတွက် အလုပ်ရှုပ်ခြင်းလည်း မရှိသလို သစ်ပင်ကြီးများ၏ သဘာဝအတိုင်း အသီးများသီးခြင်း၊ အပွင့်များပွင့်ခြင်းတို့ကြောင့် စိုက်ပျိုးသူများအဖို့ စိတ်ကြည်နူး

စရာအခြေအနေမျိုးဖြစ်စေတယ်လို့ သိရပါတယ်။

လတ်တလောတွင် အပင်အမျိုးအစားနှင့်အရွယ်အစား၊ အပင်သက်တမ်း စသည်တို့ပေါ်မူတည်၍ ကျပ် သောင်းဂဏန်းမှ ကျပ်သိန်းဆယ်ဂဏန်းအထိ အသီးသီးရှိကြောင်း သိရပါတယ်။

**Source:** https://opinionleadersmedia.com/

## စင်ကာပူစွမ်းအင်ဈေးကွက်အာဏာပိုင်အဖွဲ့နှင့် ဩစတြေးလျစွမ်းအင်ဌာနတို့အကြား စွမ်းအင်ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

စင်ကာပူစွမ်းအင်ဈေးကွက်အာဏာပိုင်အဖွဲ့(Energy Market Authority of Singapore)နှင့် ဩစတြေးလျစွမ်းအင်ဌာန(Australian Energy Regulator)တို့သည် စင်ကာပူအပြည်ပြည်ဆိုင်ရာ စွမ်းအင်သီတင်းပတ် ၂၀၂၅(Singapore International Energy Week 2025)တွင် စွမ်းအင် လုပ်ထုံးလုပ်နည်းဖလှယ်ရေးနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါသည်။

နားလည်မှုစာချွန်လွှာသည် ဂတ်စ်နှင့်လျှပ်စစ်ဓာတ်အားဈေးကွက်များနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများမျှဝေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်အတွက် မူဘောင်ဖြစ်သည်။

ထို့ပြင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုနည်းသည့် နည်းပညာများနှင့်စပ်လျဉ်း၍ အသိပညာများ ဖလှယ်နိုင်မည်ဖြစ်ပြီး ဒေသတွင်း၏စွမ်းအင်ကူးပြောင်းမှုကို အထောက်အကူဖြစ်စေမည့် နိုင်ငံပေါင်းစုံပါဝင်သော စကြီမျိုးများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေမည်ဖြစ်သည်။

နားလည်မှုစာချွန်လွှာအရ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင်စင်ကာပူစွမ်းအင်ဈေးကွက်အာဏာပိုင်အဖွဲ့နှင့်ဩစတြေးလျစွမ်းအင် ဌာနတို့အကြား အသိပညာနှင့် အတွေ့အကြုံများမျှဝေခြင်း၊ သင်တန်းအစီအစဉ်နှင့် သင်တန်းသားများဖလှယ်သည့် အစီအစဉ်များ၊ ဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်သည်။

စင်ကာပူစွမ်းအင်ဈေးကွက်အာဏာပိုင်အဖွဲ့၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Puah Kok Keong က “စွမ်းအင်ကဏ္ဍစည်းမျဉ်းကြပ်မတ်သူများသည် စွမ်းအင်ကူးပြောင်းရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ စင်ကာပူစွမ်းအင်ဈေးကွက်အာဏာပိုင်အဖွဲ့သည် လုပ်ထုံးလုပ်နည်းအလေ့အကျင့်ကောင်းများနှင့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုနည်းသည့် နည်းပညာများတွင် ဩစတြေးလျစွမ်းအင်ဌာနနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ နားလည်မှုစာချွန်လွှာသည် စင်ကာပူနိုင်ငံနှင့် ဩစတြေးလျနိုင်ငံ အကြား သံတမန်ဆက်ဆံရေးနှစ် ၆၀ ပြည့်နှင့် နှစ်နိုင်ငံစွမ်းအင်ပူးပေါင်းမှုကို အရှိန်မြှင့်တင်ပေးမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ဩစတြေးလျစွမ်းအင်ဌာန၏ ဒုတိယဥက္ကဋ္ဌ Mr. Justin Oliver က “ဩစတြေးလျစွမ်းအင်ဌာနအနေဖြင့် စင်ကာပူ စွမ်းအင်ဈေးကွက်အာဏာပိုင်အဖွဲ့နှင့် အရှေ့တောင်အာရှနိုင်ငံများ၏ စွမ်းအင်ကဏ္ဍ စည်းမျဉ်းကြပ်မတ်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဂုဏ်ယူကြောင်း၊ အလေ့အကျင့်များနှင့် ကျွမ်းကျင်မှုများကို မျှဝေခြင်းဖြင့် ဒေသတွင်းစွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်ကူးပြောင်းရေးတို့တွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

**Source: စင်ကာပူ စွမ်းအင်ဈေးကွက်အာဏာပိုင်အဖွဲ့**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## စင်ကာပူနိုင်ငံနှင့် လက်တင်အမေရိကအုပ်စုအကြား ကုန်သွယ်ရေးသဘောတူစာချုပ်ကို ဘရာဇီးနိုင်ငံ လွှတ်တော်သို့ မကြာမီတင်ပြရန်ရှိ

၄ နိုင်ငံဖြစ်သည့် အာဂျင်တီးနားနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ ပါရာကွေးနိုင်ငံ၊ ဥရုဂွေးနိုင်ငံတို့နှင့်ချုပ်ဆိုခဲ့သည့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ကို ဘရာဇီးနိုင်ငံလွှတ်တော်သို့ မကြာမီအချိန်တွင် တင်ပြမည်ဖြစ်ပြီး အဆိုပါစာချုပ် အသက်ဝင်မည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ Luiz Inacio Lula da Silva က ပြောကြားခဲ့သည်။

အဆိုပါကုန်သွယ်မှုသဘောတူစာချုပ် အသက်ဝင်ပါက ကုန်စည်များ၏ ၂၅ ရာခိုင်နှုန်းမှာ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ကုန်သွယ်နိုင်မည်ဖြစ်ပြီး ၁၅ နှစ်အတွင်း ကုန်စည်များ၏ ၉၆ ရာခိုင်နှုန်း အပေါ် သွင်းကုန်အခွန်ကို တဖြည်းဖြည်းလျှော့ချသွားမည်ဖြစ်သည်။

ဘရာဇီးသမ္မတ Luiz Inacio Lula da Silva က "မိမိတို့အတွက် ကုန်သွယ်ရေးနှင့် အခြားအခွင့်အလမ်းများသည် စိုက်ပျိုးရေးအခြေပြုစီးပွားရေး၊ လေကြောင်းပျံသန်းမှု၊ ဇီဝလောင်စာဆီ စသည်တို့အပါအဝင် ကဏ္ဍများစွာကို လွှမ်းခြုံနိုင်မည် ဖြစ်ကြောင်း၊ ဘရာဇီးနိုင်ငံအနေဖြင့် စင်ကာပူနိုင်ငံနှင့် သဘောတူစာချုပ်အသစ်များ ချုပ်ဆိုနိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုများကို အမြဲကြိုဆိုကြောင်း၊ နှစ်နိုင်ငံအကြားကုန်သွယ်မှုမှာ ၁၀ နှစ်အတွင်း ၄ ဆတိုးတက်လာပြီး စင်ကာပူဒေါ်လာ ၁၁ ဒသမ၃ ဘီလီယံရှိကြောင်း၊ ကမ္ဘာ့တတိယအကြီးဆုံး လေယာဉ်တည်ဆောက်သော Embraer သည် စင်ကာပူနိုင်ငံအတွက် ခရီးသည်တင် လေယာဉ်များကို ရောင်းချခဲ့ကြောင်းနှင့် စင်ကာပူနိုင်ငံသို့ စစ်ဘက်သုံးကုန်စည်တင် လေယာဉ်များကို ထောက်ပံ့ပေးနိုင်ကြောင်း၊ ဘရာဇီးနိုင်ငံသည် စင်ကာပူနိုင်ငံသို့ တိရစ္ဆာန်တင်ပို့မှုတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း" The Straits Times ၏ အီးမေးလ်ဖြင့် မေးမြန်းမှုတွင် ပြန်လည်ဖြေကြားခဲ့သည်။

လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်အရ စာချုပ်အသက်ဝင်မှုလုပ်ငန်းစဉ်ကို နှစ်နိုင်ငံအချင်းချင်းအကြား ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ကျန်နိုင်ငံများကို စောင့်ဆိုင်းရန်မလိုအပ်ဘဲ စင်ကာပူနိုင်ငံနှင့်ဘရာဇီးနိုင်ငံတို့၏ လွှတ်တော်များမှ အတည်ပြုပါက အဆိုပါနှစ်နိုင်ငံအကြား စာချုပ်မှာ အသက်ဝင်မည်ဖြစ်ပါသည်။

စင်ကာပူနိုင်ငံ၏ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနကလည်း စာချုပ်အသက်ဝင်မှုလုပ်ငန်းစဉ်ကို မကြာမီပြီးစီးရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ကုန်သွယ်မှုသဘောတူစာချုပ်မှာပါရာကွေးနိုင်ငံနှင့်ဥရုဂွေးနိုင်ငံတို့၏ သမ္မတများ ထံမှခွင့်ပြုချက်ရရှိထားပြီးတရားဝင်အမိန့်ကြော်ငြာစာကို စောင့်ဆိုင်းလျက်ရှိသည်ဟု နားလည်ထားကြောင်း ပြောကြားခဲ့သည်။

**Source: The Straits Times**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

# STOCK EXCHANGE (13.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 13th Nov. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,237 (Shares) | 38,683,300 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,600 | 8,700 | 8,600 | 1,394 | 11,996,700 | 33,109,694 | 288,054 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,500 | 3,244 | 11,354,000 | 38,929,150 | 136,252 |
| MCB | 00003 | 7,600 | -200 | -2.56% | 7,700 | 7,700 | 7,600 | 315 | 2,405,500 | 10,400,986 | 79,048 |
| FPB | 00004 | 2,150 | -50 | -2.27% | 2,000 | 2,150 | 2,000 | 4,671 | 9,372,350 | 29,664,613 | 63,779 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 106 | 307,400 | 12,823,224 | 37,187 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 1,053 | 1,775,100 | 19,977,223 | 32,962 |
| AMATA | 00007 | 3,650 | +50 | +1.39% | 3,600 | 3,650 | 3,600 | 131 | 471,650 | 10,497,598 | 38,316 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,050 | 323 | 1,000,600 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 13th Nov. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.31 | -0.38 | -0.10% | 394.55 | 397.31 | 394.00 | 11,237 | 38,683,300 | 8 | 749,393 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 13th Nov. 2025

| Trading Volume | Trading Value |
|---|---|
| 11,745 (Shares) | 40,054,900 (MMK) |

### Main Board

As of 1:00 p.m. 13th Nov. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,237 (Shares) | 38,683,300 (MMK) |

| MYANPIX | 397.31 ▼ 0.38 |
|---|---|
| Total Volume (shares) | 11,237 |
| Total Value (MMK) | 39 mil |
| Listed Company | 8 |
| Market Cap. (MMK) | 749,393 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 7,600 | ▼ 200 |
| FPB | 00004 | 2,150 | ▼ 50 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 3,650 | ▲ 50 |
| MAEX | 00008 | 3,100 | ▲ 0 |